ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ

Karenni State Consultative Council (KSCC)

# ကရင်နီပြည်သူ့လုံခြုံရေးဆိုင်ရာ အရေးပေါ် ထုတ်ပြန်ကြေညာချက်

**စာအမှတ် - ၀၂-၁-၂၀၂၂**

**ရက်စွဲ - ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁၇) ရက်နေ့။**

**ချစ်ခင်လေးစားအပ်ပါသော ကရင်နီပြည်နယ်သူပြည်နယ်သားများ.......**

၁။ ယခုကာလတွင် အကြမ်းဖက်အာဏာသိမ်းစစ်ကောင်စီတပ်များသည် ကရင်နီ အပြစ်မဲ့ အရပ်သားပြည်သူများ၏ အသက်၊ အိုးအိမ်များ၊ ဘုရားကျောင်းဝန်းများ နှင့် စစ်ရှောင်စခန်းများအထိပင် သက်ညှာခြင်း အလျဉ်းမရှိပဲ ကရင်နီပြည်နယ်အတွင်းသို့ စစ်ရှိန်များ တိုးမြှင့်၍ ရက်စက်ကြမ်းကြုတ်စွာ တိုက်ခိုက်နေပါသည်။

၂။ ပြီးခဲ့သည့် ဇန်နဝါရီ (၆) ရက် နေ့မှ စတင်၍ တိုက်လေယာဉ်များကိုပါ အသုံးပြု၍ လေကြောင်းမှ ထပ်မံ တိုက်ခိုက်လာပါသည်။ ဇန်နဝါရီလ (၁၆) ရက်နေ့ ညပိုင်းတွင် ဒီမော့ဆိုမြို့နယ် အနောက်ဖက်ခြမ်း နန်းမယ်ခုံနှင့် နံနက်အစောပိုင်းတွင် ဖရူဆိုမြို့နယ် အနောက်ဖက်ခြမ်း ရီဒီးဘူး စစ်ရှောင်စခန်းတို့တွင် တိုက်လေယာဉ်များဖြင့် ဗုံးကြဲကာ အပြစ်မဲ့ အရပ်သား ပြည်သူများအား ရက်စက်စွာ တိုက်ခိုက်နေခဲ့သည့်အတွက် အပြစ်မဲ့ ပရဟိတဆေးဝန်ထမ်း (၃) ဦး၊ အသက်မပြည့်သေးသည့် ကလေး (၂) ဦးအပါအဝင် အပြစ်မဲ့ စစ်ရှောင်ပြည်သူ (၃) ဦးတို့မှာ ဗုံးဆံထိမှန်၍ နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးခဲ့ရပါသည်။ ထို့အပြင် လေကြောင်းတိုက်ခိုက်မှုကြောင့် ဒဏ်ရာရသူများလည်း ရှိနေကြောင်း ဝမ်းနည်းဖွယ်ရာ သိရှိရပါသည်။

၃။ ယခုအထိ ရင်ဆိုင်ကြုံတွေ့နေရသည့် ဖြစ်ရပ်များအရ အကြမ်းဖက်စစ်ကောင်စီသည် အပြစ်မဲ့ အရပ်သားပြည်သူများ နှင့် လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့ဝင်များကို မခွဲခြားဘဲ လူသားချင်းစာနာစိတ်ကင်းမဲ့စွာ အကြမ်းဖက်ပစ်ခတ် သတ်ဖြတ်နေတာကို ထင်ရှားစွာ တွေ့မြင်ရပါသည်။

၄။ အကြမ်းဖက်စစ်ကောင်စီအနေဖြင့် လူမျိုးတုံးသတ်ဖြတ်မှုတွေကို လက်တွေ့ကျကျ အကောင်အထည်ဖော် ကျူးလွန်နေသလို ဆက်လက် ကျူးလွန်ဖို့လည်း သေချာနေပါသည်။

၅။ လူသားချင်းစာနာစိတ်ကင်းမဲ့နေပြီဖြစ်သော အကြမ်းဖက်စစ်ကောင်စီ၏ လေကြောင်းများသည် အချိန်တိုင်းတွင် တတိုင်းပြည်လုံးအတိုင်းအတာဖြင့် ပျံသန်းနေကြပြီး၊ ကရင်နီပြည်နယ်တွင်းရှိ နေရာဒေသအနှံ့အပြားကိုလည်း ကင်းထောက်ပျံသန်းကာ ဆက်လက်တိုက်ခိုက်မည့်အသွင်သဏ္ဍာန်များကို စိုးရိမ်ဖွယ်ရာ တွေ့ရှိနေရပါသည်။

၆။ ကရင်နီပြည်သူပြည်သားများအနေဖြင့် မိမိတို့ကိုယ်ကို ဂရုတစိုက် ကာကွယ်စောင့်ရှောက်ခြင်း၊ ဘေးကင်းလုံခြုံအောင် နေထိုင်ခြင်းသည်လည်း ဤခုခံတော်လှန်ရေးမှာ ကျွန်ုပ်တို့ပြည်သူ့ဘက်တော်သားများနှင့်အတူ တဖက်တလမ်းကနေ ပူးပေါင်းပါဝင်၍ အကြမ်းဖက်စစ်ကောင်စီကို တိုက်လှန်နေခြင်းပင် ဖြစ်ပါသည်။

**၇။ သို့ဖြစ်ပါ၍ ကရင်နီပြည်သူလူထုအနေဖြင့် လေကြောင်းတိုက်ခိုက်မှုရန်ကို ကာကွယ်ပြီး ဘေးကင်းလုံခြုံစွာ ရှင်သန်နေနိုင်ရေးအတွက်.......**

1) မိမိတို့ စစ်ရှောင်ရာနေရာ သို့မဟုတ် မြင်ကွင်းကွယ်သည့် တောင်စောင်းများ ကမ်းပါးယံများတွင် ဗုံးခိုကျင်းများ အမြန်ဆုံး တူးထားကြပါ။

2) ဗုံးခိုကျင်းများကို

   a) မြေပြန့်မြေညီမှာ တူးရင် အနည်းဆုံး အနက် (၅) ပေ နှင့် အကျယ် မိမိ၏ မိသားစု ဦးရေအတိုင်း တူးပါ။

   b) လုံခြုံကောင်းမွန်ပြီး ခိုင်ခံ့သည့် အမိုးတခုရနိုင်ရန်အတွက် အချင်း (၁) ပေခန့် လုံး ပတ်ရှိသည့် သစ်လုံး/သစ်တုံးများကို တတုံးနှင့်တတုံး နေရာမရွှေ့စေရန် သံကြိုး/ သွပ်နန်းကြိုး (အကယ်၍မရှိပါက ဆိုင်ကယ်ချိန်းကြိုးများ) တို့ဖြင့် ခိုက်နက်ချိတ်တွဲပါ။ ထို့နောက် သစ်တုံးတွေအပေါ်မှာ မိုးကာ၊ ပျဉ်ပြား၊ သံပြားတို့နဲ့ ထပ်ပြီး မြေဖို့ပါ။ မြေထုက အနည်းဆုံး (၂) ပေနှင့်အထက် ထူထူဖို့ရန် လိုပါသည်။ ထိုသို့ ပြုလုပ်ပါက လုံခြုံရေးအတွက် ကောင်းသည့်အပြင် ကျင်းကို ကောင်းကင်မှလည်း မမြင်နိုင်တော့ပါ။

   c) တွင်းထဲသို့ အသင့်ပြေးဝင် ပုန်းခိုနိုင်ရန်နှင့် အဝင်အထွက် တည့်တိုးမဖြစ်စေရန် တဆစ်ချိုးမြောက်လေးတစ်ခု တူးဖောက်ပေးပါ။

   d) တွင်းနက်လေကောင်းလေ၊ ကျယ်လေကောင်းလေ နှင့် အမိုးမြေထူလေ ကောင်းလေ ဖြစ်ပါသည်။

3) တကိုယ်ရေသုံး မုန့်ခြောက်၊ သောက်သုံးရေ၊ အကိုက်အခဲပျောက်ဆေး၊ ဓါတ်မီး၊ ဖုန်း၊ ရေဒီယို၊ ပါဝါဘန့်ခ်၊ အဝတ်အထည်၊ စောင် စသည့်တို့ကို တပါတည်း ပြင်ဆင်ထားကြပါ။

4) တိုက်လေယာဉ်များ ပျံသန်းသည့် အရေးပေါ် သတိပေးချက်များကို အလေးထားကြပါ။

5) မိမိတို့ ကိုယ်ကို လေကြောင်းတိုက်ခိုက်မှုများမှ ကာကွယ်နိုင်ရန်အတွက် တိုက်လေယာဉ်များ တွေ့ရှိပါက ချက်ချင်း ဗုံးခိုကျင်းများအတွင်းသို့ ပုန်းရှောင်ပေးကြပါ။

6) လမ်းပေါ် ဟင်းလင်းပြင်များ အကာအကွယ်မဲ့သည့် မြင်ကွင်းထင်ရှားသည့် နေရာများ သို့ ထွက်ကြည့်ခြင်းများကို ရှောင်ကြဉ်ပေးကြပါ။

7) တိုက်ပွဲများ ဖြစ်ပွားနေသည့် ကာလအတွင်း မလိုအပ်ဘဲ သွားလာလှုပ်ရှားမှုများ မပြုလုပ်ကြရန်နှင့် ဘေးကင်းလုံခြုံရာ နေရာများသို့ လုံခြုံရေးအသိသတိဖြင့် ရွှေ့ပြောင်းနေထိုင်ကြပါ။

၈) မိမိတို့ နေထိုင်ရာ/နီးစပ်ရာ ကျေးရွာ အုပ်စုများ ရပ်ကွက်များ မြို့နယ်များအတွင်း ပိတ်မိနေသော သူများကို တွေ့ရှိရပါက လူသားချင်းစာနာမှုဖြင့် အရေးပေါ်ကယ်ဆယ်ရေး လုပ်ဆောင်နေသည့် အသင်းအဖွဲ့ များသို့ ချက်ချင်း ဆက်သွယ်အသိပေးကြပါ။

၉) ပြည်နယ်တွင်း တိုက်ပွဲအခြေအနေများနှင့်ပတ်သက်၍ မမှန်ကန်သည့် သတင်းဝါဒဖြန့်မှုများကို ရှောင်ကြဉ် ပေးကြပါရန်နှင့် မှန်ကန်သော သတင်းအချက်အလက်များကိုသာ အချင်းချင်း မျှဝေပေးကြပါ။

၇။ ကရင်နီလူထုအနေဖြင့် အထက်ပါ အရေးပေါ်သတိပေးချက်များကို အလေးအနက်ထား၍ ပူးပေါင်းဆောင်ရွက်ကာ ရှင်သန် ပေးကြခြင်းဖြင့် ကျွန်ုပ်တို့နှင့်အတူ ဤဖက်ဆစ်အာဏာရှင်တော်လှန်ရေးကြီးကို ဆုံးခန်းတိုင်အောင်ပွဲရသည်အထိ အမြစ်ပြုတ် တိုက်လှန်နိုင်ကြပါစေကြောင်း မေတ္တာဖြင့် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ - KSCC**